## ဓမ္မခန္ဓာ (၅၃) ကြယ်တာရာ (အလ် နဂ်မိ)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၃)၊ သုတ်ဒေသနာ (၆၂)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالنَّجْمِ إِذَا هَوَى۞**<br>မိုန်ကွယ်လေသော ကြယ်တာရာအားဖြင့်–[၁၀၀၄] |
| ၂။<br>မုဟမ္မဒ် | **مَا ضَلَّ صَاحِبُكُمْ وَمَا غَوَى۞**<br>သင်တို့၏ **အဖော်**သည် အယူလွဲသူ မဟုတ်၊ လှည့်စားခံရသူလည်း မဟုတ်ချေ။ |
| ၃။ | **وَمَا يَنطِقُ عَنِ الْهَوَى۞**<br>သူ၏ ပြောစကားများမှာ စိတ်ထင်ရာ မဟုတ်ချေ– |
| ၄။ | **إِنْ هُوَ إِلَّا وَحْيٌ يُوحَى۞**<br>သူ့အား အာရုံစျာန်ဖြစ်စေသော အာရုံစျာန်အတိုင်းသာ ဖြစ်၏။ |
| ၅။ | **عَلَّمَهُ شَدِيدُ الْقُوَى۞**<br>သူ့အား ပညာအလင်းကိုပေးသူမှာ ပြတ်သားသော ဘုန်းတန်ခိုးတော်နှင့်– |
| ၆။ | **ذُو مِرَّةٍ فَاسْتَوَى۞**<br>ဓမ္မတို့၏ အရှင် ဖြစ်၏။[၁၀၀၅] သို့ဖြစ်၍ သူသည် ဥာဏ်သမာဓိ ရင့်သန်ခဲ့၏။[၁၀၀၆] |
| ၇။ | **وَهُوَ بِالْأُفُقِ الْأَعْلَى۞**<br>ထို့ပြင် သူသည် အမြင့်ဆုံး အဆင့်သို့ ဆိုက်ရောက်လျှက်–[၁၀၀၇] |

---

**(၁၀၀၄)** ကျမ်းမြတ်ကုရ်အာန်ပါ သုတ်ဒေသများကို ကိုယ်တော်မုဟမ္မဒ်၏ စျာန်အာရုံ၌ အချိန်သုံးပါးတွင် ကိန်းဝပ်သိမြင်စေခဲ့သည်ဟုဆိုပေသည်။ ထိုအချိန်သုံးပါးအနက် နံနက် မိုးမလင်းမီ ကြယ်တာရာများ မှေးမှိန်သော အချိန်သည်လည်း အချိန်တစ်ပါး ဖြစ်ပေသည်။ ထို့ကြောင့် ဤ သုတ်တော်က နံနက် မိုးမလင်းမီ စျာန်အာရုံကိန်းဝပ် သိမြင်စေသော သုတ်ဒေသများကို တိုင်တည်လျှက်– ဟု ဆရာတော်ကြီးများက ဖွင့်ဆိုကြပေသည်။ အခြား ထို့ပြင် ထိုစဉ်က လ နတ်မင်း၊ နေနတ်မင်းကို ကိုးကွယ်သော ဘာသာရေး ဂိုဏ်းများ၊ ကြယ်နက္ခတ်တို့ကို ကြည့် ဟောပြော လုပ်စားနေသော ဗေဒင်ဆရာများ– သည် အစ္စလာမ် သာသနာ ပေါ်လာသောအခါ မှေးမှိန်သွားရကြောင်း ကျမ်းတော်၏ နေရာပေါင်း များစွာတွင် ပြောဆိုထားပေသည်။ ထို့ကြောင့် ထို နက္ခတ်ဟော ဗေဒင်ဆရာများ မှေးမှိန်သွားရခြင်းကို သက်သေတည်ထားခြင်းလည်း ဖြစ်ပေသည်။

**(၁၀၀၅)** ဤနေရာ၌ များစွာသော ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်အား အာရုံစျာန်ဖြင့် ဉာဏ်စဉ် ကိန်းဝပ်ပေးသူမှာ ကောင်းကင်တမန်တော် ဂျိဗရာအီလ် ဖြစ်သည်ဟု– ပါးစပ်ရာဇဝင် သမိုင်းများကို လိုက်၍ မှားယွင်းစွာ ဖော်ပြကြပေသည်။ ကရုဏာရှင် ဖြစ်သော ပရမတ်ဘုရားရှင်သည် ကိုယ်တိုင်ပင် ကိုယ်တော်မုဟမ္မဒ်အား သင်ကြားပေးသည်ဟု ၅၅း၁–၂ တွင် အတိအကျ ဆိုထားပေသည်။

**(၁၀၀၆)** ***اسْتَوَى*** **အေ့ဆ်တဝါ** ၏ အဓိပ္ပါယ်မှာ သူသည် ရုပ်၊ နာမ်၊ ဉာဏ် ရင့်သန် အရွယ်ရောက်လာသည်ဟု ဖြစ်ပေသည်။ အထက် သုတ်တော်များအရ ကိုယ်တော်သည် ဉာဏ်စဉ်ဆိုက်မြိုက်ခြင်း ဖြစ်၍ ဤနေရာတွင် “ဉာဏ်သမာဓိ ရင့်သန်ခဲ့၏” ဟု ဘာသာပြန်ခြင်း ဖြစ်သည်။

**(၁၀၀၇)** ကိုယ်တော်သည် လူသားတစ်ဦး၏ အမြင့်ဆုံးသော အဆင့်ဖြစ်သည့် သဗ္ဗညုတဉာဏ်စဉ် အဆင့်ကို ဆိုက်ရောက်ခဲ့သည်။

| | |
|---|---|
| ၈။ | ثُمَّ دَنَا فَتَدَلَّى ۞<br>တဖြေးဖြေး တည်ငြိမ်နိမ့်ချ နီးကပ်လာ၍–[၁၀၀၈] |
| ၉။ | فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَى ۞<br>လေးကိုင်းနှစ်ဘက် ပမာဏ သို့မဟုတ် ထို့ထက် တိမ်းညွတ်နီးကပ်လာခဲ့၏။[၁၀၀၉] |
| ၁၀။ | فَأَوْحَى إِلَى عَبْدِهِ مَا أَوْحَى ۞<br>အရှင်သည် အရှင်၏ အမှုတော်ဆောင်အား အာရုံစျာန်ဖြင့် အာရုံစျာန်သက်စေ၏။[၁၀၁၀] |
| ၁၁။ | مَا كَذَبَ الْفُؤَادُ مَا رَأَى ۞<br>ခံစားအာရုံသည် သူ့မြင်ကွင်းအား ငြင်းဆန်ခြင်း မရှိချေ။[၁၀၁၁] |
| ၁၂။ | أَفَتُمَارُونَهُ عَلَى مَا يَرَى ۞<br>သင်တို့သည် သူ၏ မြင်ကွင်းအား အခြေအတင်ပြုလိုသလော။ |
| ၁၃။ | وَلَقَدْ رَآهُ نَزْلَةً أُخْرَى ۞<br>မုချပင် သူသည် ၎င်းအား နောက်တဖန် ဆင်းသက်လာခြင်းကို မြင်ရ၏။[၁၀၁၂] |
| ၁၄။ | عِنْدَ سِدْرَةِ الْمُنْتَهَى ۞<br>အဆုံးစွန်သော ဇီးဇောဓိပင် အပါး၌၊[၁၀၁၃] |
| ၁၅။ | عِنْدَهَا جَنَّةُ الْمَأْوَى ۞<br>ထိုအပါး၌ နားခိုရာ ဥယျာဉ်ဘုံ ရှိ၏။ |
| ၁၆။ | إِذْ يَغْشَى السِّدْرَةَ مَا يَغْشَى ۞<br>ထိုဇီးဇောဓိပင်အား ဖုံးအုပ်သော အရာက ဖုံးအုပ်သောအခါ။ |

---

**(၁၀၀၈)** ကိုယ်တော်မုဟမ္မဒ်၏ စျာန်သမာပတ်အာရုံသည် တည်ငြိမ်လေးနက်လျှက် ဓမ္မဇစ်မြစ်ဖြစ်သော ကရုဏာရှင်နှင့် နီးစပ်လာခဲ့သည်။

**(၁၀၀၉) ကာ့ဘ်** ဆိုသည်မှာ ဒူးလေးတစ်ခု၏ အစွန်းထိပ်နှစ်ဖက်ကို ခေါ်ပေသည်။ ထို့ကြောင့် အချို့သော ဆရာတော်များက ကိုယ်တော် မုဟမ္မဒ်နှင့် ကိုယ်တော့အား အာရုံစျာန် ဉာဏ်စဉ်ကိန်းဝပ်ပေးသော အရှင်သည် လေး နှစ်တာခန့် သို့မဟုတ် ထိုထက်နီးကပ်စွာ ရှိနေခဲ့သည်ဟု ဖွင့်ဆိုကြပေသည်။ သို့သော် ဤသုတ်တော်၏ ဆိုလိုချက်မှာ ကိုယ်တော်သည် ဉာဏ်စဉ်အင်အားကို ခံနိုင်ရည်အတွက် နှစ်ဆ သို့မဟုတ် ထိုထက်ပို၍ ပို၍ နီးကပ်စွာ ခွန်အား ရင့်ကျက်မှု ဖြစ်တည်လာခဲ့သည်ဟု ဖြစ်ပေသည်။

**(၁၀၁၀)** အရှင်သည် ကိုယ်တော်အား ဉာဏ်အာရုံချင်း ဓါတ်တော်ကူးပေးခြင်း ဖြစ်သည်။

**(၁၀၁၁)** ကိုယ်တော်ကြုံတွေ့ ဆိုက်မြိုက်သော ဉာဏ်စဉ်ဆွတ်ခူးခြင်းမှာ ကိုယ်တွေ့ ဖြစ်၍– ယခင် သာမန်လူသားဘ၀မှ အသိအာရုံများဖြင့် တိုင်းဆလျှင် မဖြစ်နိုင်ဟု ဖြစ်သော်လည်း– အမှန်တကယ်သိ ဖြစ်သောအခါ– ထိုအသိ ထိုမြင်ကွင်းအား သာမန်လူသားဘ၀ အသိဖြင့် တိုင်းဆ ငြင်းဆန်၍ မရဟု ဆိုလိုပေသည်။

**(၁၀၁၂)** ကရုဏာရှင်သည် မိုးကောင်းကင်တွင် စံမြန်းနေ၍ ကိုယ်တော်မုဟမ္မဒ်အား ဉာဏ်အာရုံဓါတ်တော်ကူးပေးရန် မြေပြင်သို့ ဆင်းလာခြင်းဟု ဆိုလိုခြင်းမဟုတ်ချေ။ အရှင်၏ တန်ခိုးတော်သည် လူသားတစ်ဦး အာရုံထိတွေ့ရန် မဖြစ်နိုင်လောက်အား ကြီးမားလွန်းသောကြောင့် လူသားတစ်ဦး၏ အဆင့်အမြင့်ဆုံး ခံနိုင်ရည် ရှိသည့် အတိုင်းအဆ ဖြစ်ရန် အရှင်၏ တန်ခိုးတော်အား နိမ့်ပေးခြင်းကို ဆိုလိုပေသည်။

**(၁၀၁၃) ဆိ–ဒ်ရဟ်** ဆိုသည်မှာ ကန္တရအတွင်း အလွန်အေးမြသည့် အရိပ်ကိုပေးသော ဇီးပင်တစ်မျိုး ဖြစ်ပေသည်။ ကိုယ်တော်၏ ဉာဏ်စဉ် ဆိုက်မြိုက်ရာ တရားစခန်းကို ညွှန်သောကြောင့် ဇီးဇောဓိ ပင်ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုဇီးဇောဓိပင်၏ ပရ၀ုဏ်အား အရှင်၏ တန်ခိုးတော်ဖြင့် လွှမ်းခြုံသောအခါ– ကိုယ်တော်ည်သည် စျာန်သမာပတ်ဝင်စားလျှက် စက္ခုတည်ငြိမ်– စည်းမပျက်ဘဲ– ကံကြမ္မာရှင်၏ အကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။ဟု သုတ်တော် ၁၆ မှ ၁၈ ထိ ကိုယ်တော်၏ သဗ္ဗညုဉာဏ် ဆိုက်မြိုက်ပုံအဆင့်ဆင့်ကို ဆိုထားပေသည်။ ၀ိပဿနာ၌ ရင်းနှီးသူများသည် ဤအဆင့်ကို လေ့လာမိသည်နှင့် ကိုယ်တော်မုဟမ္မဒ်သည် သဗ္ဗညုဉာဏ် အမှန်တကယ် ရခဲ့ခြင်းကို စောဒက မတက်ကြတော့ပေ။

| | |
|---|---|
| ၁၇။ | **مَا زَاغَ الْبَصَرُ وَمَا طَغَى۞**<br>စက္ခုရုံသည် တည်ငြိမ်–စည်းမပျက်ဘဲ။ |
| ၁၈။ | **لَقَدْ رَأَى مِنْ آيَاتِ رَبِّهِ الْكُبْرَى۞**<br>သူသည် ကံကြမ္မာရှင်၏ ကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။[၁၀၁၄] |
| ၁၉။ | **أَفَرَأَيْتُمُ اللَّاتَ وَالْعُزَّى۞**<br>သင်တို့သည် **လာ့တ်**နှင့် **အုဇ္ဇာရ်**၏ အကြောင်းကို ဆင်ခြင်ကြပြီလော။ |
| ၂၀။ | **وَمَنَاةَ الثَّالِثَةَ الْأُخْرَى۞**<br>သုံးဆူမြောက် အဖြစ် အခြားသော အရာမှာ **မနတ်** ဖြစ်သလော။[၁၀၁၅] |
| ၂၁။<br>☆<br>၄း၁၁၇ | **أَلَكُمُ الذَّكَرُ وَلَهُ الْأُنثَى۞**<br>သင်တို့ အတွက် သားများကို ဖြစ်စေ၍၊ အရှင့်အတွက် သမီးများကို ဖြစ်စေသလော။☆ |
| ၂၂။ | **تِلْكَ إِذًا قِسْمَةٌ ضِيزَى۞**<br>ဤသည် လုံး၀ မလျော်ကန်သော ခွဲတမ်းချမှုပင် ဖြစ်၏။ |
| ၂၃။ | **إِنْ هِيَ إِلَّا أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَاؤُكُم مَّا أَنزَلَ اللَّهُ بِهَا مِن سُلْطَانٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَمَا تَهْوَى الْأَنفُسُ وَلَقَدْ جَاءهُم مِّن رَّبِّهِمُ الْهُدَى۞**<br>ကေန်ပင် ၎င်းတို့၏ အမည်များမှာ သင်တို့နှင့် သင်တို့၏ မိရိုးဖလာမှ အမည်ပေးထားခြင်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ၎င်းတို့အတွက် သြဇာအာဏာ ချမှတ်ပေးခြင်း မရှိချေ။ ကေန်ပင် သူတို့သည် အထင်များနှင့် စရိုက်ဆန္ဒနောက်သို့ လိုက်နေကြ၏။ ကံကြမ္မာရှင်၏ထံမှ လမ်းညွှန်ချက်သည်ကား မုချ ဆိုက်ရောက်ခဲ့ပြီ။ |
| ၂၄။ | **أَمْ لِلْإِنسَانِ مَا تَمَنَّى۞**<br>သို့မဟုတ် လူသားအတွက် လိုလားမက်မောသောအရာ ရှိသေးသလော။ |
| ၂၅။ | **فَلِلَّهِ الْآخِرَةُ وَالْأُولَى۞**<br>နောင်ဘ၀နှင့် ရှေးဘ၀များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ |
| ၂၆။ | **وَكَم مِّن مَّلَكٍ فِي السَّمَاوَاتِ لَا تُغْنِي شَفَاعَتُهُمْ شَيْئًا إِلَّا مِن بَعْدِ أَن يَأْذَنَ اللَّهُ لِمَن يَشَاء وَيَرْضَى۞**<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှု ကြေနပ်မှုဖြင့် အခွင့်ပေးထား ပြီးသူမှ အပ ကောင်းကင်ယံမှ စွမ်းအင်စုများသည်ပင် ၎င်းတို့အတွက် အမျှဝေပေးရန် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိချေ။ |
| ၂၇။ | **إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ لَيُسَمُّونَ الْمَلَائِكَةَ تَسْمِيَةَ الْأُنثَى۞** |

---

**(၁၀၁၄)** ကျမ်းမြတ်ကုရ်အာန်ပါ သုတ်တော်တိုင်းသည် နိမိတ်လက္ခဏာတော်များ ဖြစ်ပေသည်။ သို့သော် ဤနေရာ၌ အကြီးကျယ်ဆုံးသော နိမိတ်တော် ဟု ဆိုထားသောကြောင့် ကိုယ်တော် မြင်တွေ့ဆိုက်မြိုက်သော နိမိတ်တော်မှာ လူသားတစ်ဦး၏ အကြီးကျယ်ဆုံး ဆိုက်မြိုက်ခွင့်ရသည့် သဗ္ဗညုတ ဉာဏ်စဉ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

**(၁၀၁၅) လာ့တ်၊ အုဇ္ဇာရ်၊ မနတ်** ဆိုသည်များမှာ ရှေးအာရပ်တို့ကိုးကွယ်သော သုံးပါးတစ်ဆူ ဘုရားများကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အမှန်တကယ် သဗ္ဗညုဉာဏ်စဉ်ကိုရသော နောက်ဆုံးပွင့် ကိုယ်တော် ပွင့်ပေါ်လာသော အချိန်မှစ၍ သုံးပါးတစ်ဆူ ကိုးကွယ်ခြင်းဝါဒများသည် တိမ်ကော ပပျောက်သွားရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဆင်ခြင်သုံးသပ်မိလေ သုံးပါးတစ်ဆူ ဆိုသည်မှာ အဓိပ္ပါယ်မရှိလေ ဖြစ်ကြောင်းကို သက်သေတည်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | နောင်ဘဝအား မယုံကြည်သော သူတို့က နိမိတ်ဆောင်တို့အား လိင်မ အမည်များဖြင့် အမည်ပေးကြ၏။ |
| ၂၈။ | **وَمَا لَهُم بِهِ مِنْ عِلْمٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَإِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ شَيْئًا۞**<br>၎င်းအတွက် သူတို့၌ အသိပညာမရှိပေ၊ ထင်မြင်ချက်သာ ရှိ၏။ ကေန်ပင် ထင်မြင်ချက်သည် အမှန်တရားကို တစ်စုံတစ်ရာ မလွှမ်းမိုးနိုင်ချေ။ |
| ၂၉။ | **فَأَعْرِضْ عَن مَّن تَوَلَّى عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَاةَ الدُّنْيَا۞**<br>ငါ၏ သတိပေးမှုကို လှည့်သွား၍ လောကီ သက်တမ်း၌သာ လိုလားမက်မောနေသူအား အရေးတယူမရှိလင့်။ |
| ၃၀။ | **ذَلِكَ مَبْلَغُهُم مِّنَ الْعِلْمِ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِمَنِ اهْتَدَى۞**<br>ဤသည် သူတို့၏ ပညာ ဆိုက်ရောက်နိုင်အား ဖြစ်၏။ ကေန်ပင် ကံကြမ္မာရှင်သည် လမ်းစဉ်တော်မှ လွဲဖယ်သွားသူအား သိနေတော်မူ၏။ အရှင်၏ လမ်းညွှန်၌ ရှိသူကိုလည်း သိနေတော်မူ၏။ |
| ၃၁။ | **وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لِيَجْزِيَ الَّذِينَ أَسَاؤُوا بِمَا عَمِلُوا وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَى۞**<br>မိုးများနှင့် မြေကမ္ဘာအတွင်း၌ ရှိသည်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် အကုသိုလ်ပြုသော သူအား သူ့ကျင့်ကြံမှုအတိုင်း အစားပေးတော်မူ၏။ ကောင်းမှုပြုသော သူတို့ကိုလည်း ကောင်းမှုအကျိုး ပေးတော်မူ၏။ |
| ၃၂။ | **الَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ إِلَّا اللَّمَمَ إِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ هُوَ أَعْلَمُ بِكُمْ إِذْ أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ فَلَا تُزَكُّوا أَنفُسَكُمْ هُوَ أَعْلَمُ بِمَنِ اتَّقَى۞**<br>မထင်မှတ်ဘဲ ပြုမိသည်မှပ ကြီးမားသော ပြစ်မှုနှင့် မကြားဝံ့မနာသူမှုများမှ ရှောင်ကြဉ်သော သူတို့အဘို့– ကေန်ပင် ကံကြမ္မာရှင်သည် လွတ်ငြိမ်းခြင်းကို ဖြန့်ကျက်ထားသော အရှင်ဖြစ်၏။ အရှင်သည် သင်တို့အား မြေကမ္ဘာမှ ယူခဲ့သော အခါ၊ သင်တို့ မိခင်များ၏ ဝမ်းကြာတိုက်အတွင်း သန္ဓေတည်ထားသောအခါ မှအစ ကုန်စင်သိနေတော်မူ၏။ သို့ဖြစ်၍ သင်တို့၏ စရိုက်များသည် အဖြူထည် မဟုတ်ချေ။ အရှင်သည် စည်းစောင့်သူများကို ကုန်စင်သိနေတော်မူ၏။ |
| ၃၃။ | **أَفَرَأَيْتَ الَّذِي تَوَلَّى۞**<br>လှည့်သွားသူကို သင် ဆင်ခြင်မိသလော။ |
| ၃၄။ | **وَأَعْطَى قَلِيلًا وَأَكْدَى۞**<br>သူသည် အနည်းအပါးပေးကမ်း၍ ပြိုငြင်တတ်၏။ |
| ၃၅။ | **أَعِندَهُ عِلْمُ الْغَيْبِ فَهُوَ يَرَى۞**<br>သူ့ထံ၌ စကြွာလွန်ကို သိနိုင်အား ရှိသလော၊ သို့မဟုတ် မြင်နိုင်သလော။ |
| ၃၆။ | **أَمْ لَمْ يُنَبَّأْ بِمَا فِي صُحُفِ مُوسَى۞**<br>သို့မဟုတ် မူဆာ၏ ကျမ်းစာပါ သတင်းကို ရမိသလော။ |
| ၃၇။ | **وَإِبْرَاهِيمَ الَّذِي وَفَّى۞**<br>ဝတ်ဖြည့်ဆီးသော အီဗရာဟီးမ်အားဖြင့်– |
| ၃၈။ | **أَلَّا تَزِرُ وَازِرَةٌ وِزْرَ أُخْرَى۞**<br>ဝန်တာ ထမ်းဆောင်သူသည် အခြားအရာကို မထမ်းဆောင်နိုင်ချေ။ |

| | |
|---|---|
| ၃၉။ | وَأَن لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَى۞<br>လူသားတွင် မိမိ အားထုတ်ခဲ့ရာမှအပ အခြား မရှိချေ။ |
| ၄၀။ | وَأَنَّ سَعْيَهُ سَوْفَ يُرَى۞<br>အားထုတ်မှုများကို မြင်သာထင်ရှားစေလတ္တံ့။ |
| ၄၁။ | ثُمَّ يُجْزَاهُ الْجَزَاء الْأَوْفَى۞<br>သူ့အား အစားပေးခြင်း အပြည့်အဝဖြင့် အစားပေးတော်မူမည်ပင်။ |
| ၄၂။ | وَأَنَّ إِلَى رَبِّكَ الْمُنتَهَى۞<br>ကံကြမ္မာရှင်၏ ထံသို့သာ အဆုံးမပန်းတိုင် ဖြစ်၏။ |
| ၄၃။ | وَأَنَّهُ هُوَ أَضْحَكَ وَأَبْكَى۞<br>အရှင်သည် ရယ်ရွှင်စေသော ငိုကြွေးစေသော အရှင် ဖြစ်၏။ |
| ၄၄။ | وَأَنَّهُ هُوَ أَمَاتَ وَأَحْيَا۞<br>အရှင်သည် ရှင်စေသော သေစေသော အရှင် ဖြစ်၏။ |
| ၄၅။ | وَأَنَّهُ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْأُنثَى۞<br>အရှင်က အဖို အမ စုံဖွဲ့ ဖြစ်တည်စေသည်မှာ– |
| ၄၆။ | مِن نُّطْفَةٍ إِذَا تُمْنَى۞<br>ပြင်ဆင်ထားသော ရေကြည်ပေါက်မှ ဖြစ်၏။ |
| ၄၇။ | وَأَنَّ عَلَيْهِ النَّشْأَةَ الْأُخْرَى۞<br>ကေန်ပင် အရှင်၏ထံသို့ နောက်တဖန် ရှင်ပြန်စေ၏။ |
| ၄၈။ | وَأَنَّهُ هُوَ أَغْنَى وَأَقْنَى۞<br>အရှင်သည် ပေါများကြွယ်ဝစေသော၊ ရောင့်ရဲတင်းတိမ်စေသော အရှင် ဖြစ်၏။ |
| ၄၉။ | وَأَنَّهُ هُوَ رَبُّ الشِّعْرَى۞<br>အရှင်သည် နဂါးငွေ့တန်းတို့၏ ကံကြမ္မာရှင် ဖြစ်၏။ |
| ၅၀။ | وَأَنَّهُ أَهْلَكَ عَادًا الْأُولَى۞<br>ရှေးဦးပထမ အာ့ဒ်တို့အား တိမ်ကောစေသော အရှင် ဖြစ်၏။ |
| ၅၁။ | وَثَمُودَ فَمَا أَبْقَى۞<br>သမု–ဒ်တို့အား သက်တမ်းရှည်ခွင့် မပေးခဲ့ချေ။ |
| ၅၂။ | وَقَوْمَ نُوحٍ مِّن قَبْلُ إِنَّهُمْ كَانُوا هُمْ أَظْلَمَ وَأَطْغَى۞<br>ဤမတိုင်မီ နူးဟ်၏ လူမျိုးတို့ကိုလည်း ယင်းသို့ ဖြစ်စေ၏၊ သူတို့သည် အမိုက်စီး စည်းပျက်ကြကုန်၏။ |
| ၅၃။ | وَالْمُؤْتَفِكَةَ أَهْوَى۞ |

| | |
|---|---|
| | ထိးနန်းပျောက်မြို့ရွာများကို မှေးမှိန်ပျောက်ကွယ်စေ၏။ |
| ၅၄။ | فَغَشَّاهَا مَا غَشَّى۞<br>သို့ဖြင့် ဖုံးလွှမ်းခြင်းဖြင့် သူတို့အား ဖုံးလွှမ်းသွားစေ၏။ |
| ၅၅။ | فَبِأَيِّ آلَاء رَبِّكَ تَتَمَارَى۞<br>အရှင်၏ နိယာမများမှ မည်သည်ကို သင် ငြင်းနိုင်အံ့နည်း။ |
| ၅၆။<br>သူ | هَذَا نَذِيرٌ مِّنَ النُّذُرِ الْأُولَى۞<br>ဤသည် ရှေဦးပထမ သတိပေးသူများအနက်မှ သတိပေးသူတစ်ဦး ဖြစ်၏။[၁၀၁၆] |
| ၅၇။ | أَزِفَتْ الْآزِفَةُ۞<br>နီးလာနေသော ဖြစ်ခြင်းအကြောင်းသည် နီး၍လာနေ၏။ |
| ၅၈။ | لَيْسَ لَهَا مِن دُونِ اللَّهِ كَاشِفَةٌ۞<br>ပရမတ်ဘုရားရှင်မှအပ ၎င်းကို ဖယ်ရှားကွယ်ကာ ပေးနိုင်သူ မရှိချေ။ |
| ၅၉။ | أَفَمِنْ هَذَا الْحَدِيثِ تَعْجَبُونَ۞<br>သို့ဖြစ်၍ မည်သူသည် ဤသမိုင်းကို အံ့သြနေကြသနည်း။ |
| ၆၀။ | وَتَضْحَكُونَ وَلَا تَبْكُونَ۞<br>သင်တို့သည် ငိုကြွေးခြင်းအစား ရယ်မောနေကြကုန်သလော။ |
| ၆၁။ | وَأَنتُمْ سَامِدُونَ۞<br>ကစားပျော်ပါးနေကြသလော။ |
| ၆၂။ | فَاسْجُدُوا لِلَّهِ وَاعْبُدُوا۞<br>သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်အား ဦးချကြလော့၊ ကိုးကွယ်ဆည်းကပ်ကြကုန်လော့။ |

**(၁၀၁၆)** ဤသုတ်တော်မှာ “သူ (မုဟမ္မဒ်)သည် ရှေးဦးပထမ ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်တော်ဆောင်များကဲ့သို့ ဉာဏ်စဉ်တော်ဆောင် တစ်ဦး ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။